# ပြည်ထောင်စုအစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ကြေညာချက်အမှတ်၊ ၁ / ၂၀၁၈**
**၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်**
**(၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်)**

**ပြည်ထောင်စုအစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၀ နှင့် ပြည်ထောင်စုအစိုးရ အဖွဲ့ ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ **"ပြည်ထောင်စုအစိုးရအဖွဲ့"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးဝင်းမြင့် | နိုင်ငံတော်သမ္မတ |
| (ခ) | ဦးမြင့်ဆွေ | ဒုတိယသမ္မတ |
| (ဂ) | ဦးဟင်နရီဗန်ထီးယူ | ဒုတိယသမ္မတ |
| (ဃ) | ဒေါ်အောင်ဆန်းစုကြည် | ပြည်ထောင်စုဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သမ္မတရုံးဝန်ကြီးဌာန |
| (င) | ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ | ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန |
| (စ) | ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း | ပြည်ထောင်စုဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန |
| (ဆ) | ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် | ပြည်ထောင်စုဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန |
| (ဇ) | ဦးကျော်တင့်ဆွေ | ပြည်ထောင်စုဝန်ကြီး နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန |
| (ဈ) | ဒေါက်တာဖေမြင့် | ပြည်ထောင်စုဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန |
| (ည) | ဦးသောင်းထွန်း | ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန |
| (ဋ) | သူရဦးအောင်ကို | ပြည်ထောင်စုဝန်ကြီး သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန |
| (ဌ) | ဒေါက်တာအောင်သူ | ပြည်ထောင်စုဝန်ကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (ဍ) | ဦးသန့်စင်မောင် | ပြည်ထောင်စုဝန်ကြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန |
| (ဎ) | ဦးအုန်းဝင်း | ပြည်ထောင်စုဝန်ကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (ဏ) | ဦးဝင်းခိုင် | ပြည်ထောင်စုဝန်ကြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| (တ) | ဦးသိန်းဆွေ | ပြည်ထောင်စုဝန်ကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| (ထ) | ဦးခင်မောင်ချို | ပြည်ထောင်စုဝန်ကြီး စက်မှုဝန်ကြီးဌာန |
| (ဒ) | ဒေါက်တာသန့်မြင့် | ပြည်ထောင်စုဝန်ကြီး စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန |
| (ဓ) | ဒေါက်တာမျိုးသိမ်းကြီး | ပြည်ထောင်စုဝန်ကြီး ပညာရေးဝန်ကြီးဌာန |
| (န) | ဒေါက်တာမြင့်ထွေး | ပြည်ထောင်စုဝန်ကြီး ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန |
| (ပ) | ဦးကျော်ဝင်း | ပြည်ထောင်စုဝန်ကြီး စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန |
| (ဖ) | ဦးဟန်ဇော် | ပြည်ထောင်စုဝန်ကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (ဗ) | ဒေါက်တာဝင်းမြတ်အေး | ပြည်ထောင်စုဝန်ကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန |
| (ဘ) | ဦးအုန်းမောင် | ပြည်ထောင်စုဝန်ကြီး ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန |
| (မ) | နိုင်သက်လွင် | ပြည်ထောင်စုဝန်ကြီး တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန |
| (ယ) | ဦးကျော်တင် | ပြည်ထောင်စုဝန်ကြီး အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာန |
| (ရ) | ဦးထွန်းထွန်းဦး | ပြည်ထောင်စုရှေ့နေချုပ် ပြည်ထောင်စုရှေ့နေချုပ်ရုံး |

၂။ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်သည် ရာထူးအလျောက် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတွင်းရေးမှူးဖြစ်သည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ပြင်ဆင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ကြေညာချက်အမှတ်၊ ၂ / ၂၀၁၈**
**၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်**
**(၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်)**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၁၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ **"အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ"**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဦးဝင်းမြင့် | နိုင်ငံတော်သမ္မတ |
| (ခ) | ဦးမြင့်ဆွေ | ဒုတိယသမ္မတ |
| (ဂ) | ဦးဟင်နရီဗန်ထီးယူ | ဒုတိယသမ္မတ |
| (ဃ) | ဦးတီခွန်မြတ် | ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် |
| (င) | မန်းဝင်းခိုင်သန်း | ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် |
| (စ) | ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် |
| (ဆ) | ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း | ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် |
| (ဇ) | ဒေါ်အောင်ဆန်းစုကြည် | ပြည်ထောင်စုဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ဈ) | ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ | ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန |
| (ည) | ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း | ပြည်ထောင်စုဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန |
| (ဋ) | ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် | ပြည်ထောင်စုဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန |

၂။ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(ခ) ပါ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့ အတွင်းရေးမှူးသည် ရာထူးအလျောက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အတွင်းရေးမှူး ဖြစ်သည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ဘဏ္ဍာရေးကော်မရှင် ပြင်ဆင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ကြေညာချက်အမှတ်၊ ၃ / ၂၀၁၈**
**၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်**
**(၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်)**

**ဘဏ္ဍာရေးကော်မရှင်ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၉၊ ပုဒ်မခွဲ (က)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)တို့ပါ ပြဋ္ဌာန်းချက်များအရ **"ဘဏ္ဍာရေးကော်မရှင်"**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ဦးဝင်းမြင့် | နိုင်ငံတော်သမ္မတ | ဥက္ကဋ္ဌ |
| (၂) | ဦးမြင့်ဆွေ | ဒုတိယသမ္မတ | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးဟင်နရီဗန်ထီးယူ | ဒုတိယသမ္မတ | ဒုတိယဥက္ကဋ္ဌ |
| (၄) | ဦးထွန်းထွန်းဦး | ပြည်ထောင်စုရှေ့နေချုပ် | အဖွဲ့ဝင် |
| (၅) | ဦးမော်သန်း | ပြည်ထောင်စု စာရင်းစစ်ချုပ် | အဖွဲ့ဝင် |
| (၆) | ဒေါက်တာခက်အောင် | ဝန်ကြီးချုပ် ကချင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၇) | ဦးအယ်လ်ဖောင်းရှို | ဝန်ကြီးချုပ် ကယားပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၈) | ဒေါ်နန်းခင်ထွေးမြင့် | ဝန်ကြီးချုပ် ကရင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၉) | ဦးဆလိုင်းလျန်လွယ် | ဝန်ကြီးချုပ် ချင်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၀) | ဒေါက်တာမြင့်နိုင် | ဝန်ကြီးချုပ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၁) | ဒေါက်တာလဲ့လဲ့မော် | ဝန်ကြီးချုပ် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၂) | ဦးဝင်းသိန်း | ဝန်ကြီးချုပ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၃) | ဒေါက်တာအောင်မိုးညို | ဝန်ကြီးချုပ် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၄) | ဒေါက်တာဇော်မြင့်မောင် | ဝန်ကြီးချုပ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၅) | ဒေါက်တာအေးဇံ | ဝန်ကြီးချုပ် မွန်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၆) | ဦးညီပု | ဝန်ကြီးချုပ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၇) | ဦးဖြိုးမင်းသိန်း | ဝန်ကြီးချုပ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၈) | ဒေါက်တာလင်းထွဋ် | ဝန်ကြီးချုပ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၉) | ဦးလှမိုးအောင် | ဝန်ကြီးချုပ် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၂၀) | ဒေါက်တာ မျိုးအောင် | ဥက္ကဋ္ဌ နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၂၁) | ဦးကျော်ဝင်း | ပြည်ထောင်စုဝန်ကြီး စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန | အတွင်းရေးမှူး |

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၃၀** - နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ